# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 23, 2019 Volume 19, Number 16


**၂၃.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၄/-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၅၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၁ ကျပ် |
| CBM Rate | = ၁၅၃၉.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၃.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၂.၅၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၀၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၂၉ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၁၈ ခုနှစ် ဇွန်တွင် စုစုပေါင်းဘဏ်အပ်ငွေ ကျပ် ၄၀၄၀၂ ဘီလျံကျော်ရှိပြီး ၂၀၁၆ ခုနှစ် မတ်တွင် ကျပ် ၂၅၈၈၂ ဘီလျံကျော်ရှိခဲ့ရာ ၂၆ လအတွင်း ဘဏ်အပ်ငွေ ကျပ်ဘီလျံ ၁၄၅၂၀ ကျော်မြင့်တက်



၂၀၁၈ ခုနှစ် ဇွန်တွင် စုစုပေါင်းဘဏ်အပ်ငွေ Total Deposits ကျပ် ၄၀၄၀၂ ဘီလျံကျော်ရှိပြီး ၂၀၁၆ ခုနှစ် မတ်တွင် ကျပ် ၂၅၈၈၂ ဘီလျံကျော် ရှိခဲ့ရာ လက်ရှိအစိုးရ သက်တမ်း နှစ်နှစ်ကျော် (၂၆ လအတွင်း)တွင် ဘဏ်အပ်ငွေပမာဏ ကျပ် ၁၄၅၂၀ ဘီလျံကျော် မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၉ ခုနှစ်အတွက် ပထမဦးဆုံးထုတ်ပြန်သည့် Quarterly Financial Statistics Bulletin (2018 Volume II) အရ သိရသည်။

ဘဏ္ဍာနှစ်အလိုက်ဖော်ပြသော စုစုပေါင်း အပ်ငွေပမာဏများမှာ၂၀၁၁ –၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ်ဘီလျံ ၇၀၁၀၊ ၂၀၁၂ – ၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ် ၁၁၇၃၃ ဘီလျံ ၊ ၂၀၁၃ –၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၁၆၂၉၇ ဘီလျံ၊ ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၉၉၁၉ ဘီလျံ၊ ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၂၅၈၈၂ ဘီလျံ၊ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ် ၃၂၁၁၄ ဘီလျံ၊ ၂၀၁၇ ခုနှစ် ဇွန်လတွင် ကျပ် ၃၃၃၅၂ ဘီလျံ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ကျပ် ၃၇၃၄၇ ဘီလျံ၊ ၂၀၁၈ ခုနှစ် ဇွန်တွင် ၄၀၄၀၂ ဘီလျံရှိခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် နှစ်လယ်အထိ ပုဂ္ဂလိကဘဏ်များတွင် အပ်ငွေစုစုပေါင်း ကျပ် ၂၉၆၀၆ ဘီလျံ၊ နိုင်ငံပိုင်ဘဏ်များတွင် အပ်ငွေစုစုပေါင်း ကျပ် ၁၀၀၄၀ ဘီလျံရှိပြီး ယခင်ခြောက်လနှင့်နှိုင်းယှဉ်ပါက နိုင်ငံပိုင်ဘဏ်များတွင် အပ်ငွေရရှိရမှု ကျပ်ဘီလျံ ၆၅၀ ကျော် လျော့နည်းသွားသော်လည်း ပုဂ္ဂလိကဘဏ်များတွင် အပ်ငွေရရှိမှု ကျပ်ဘီလျံ ၂၂၄၀ ကျော် မြင့်တက်ခဲ့သည်။ ၂၀၁၇ ခုနှစ် မတ်မှ ၂၀၁၈ ခုနှစ် ဇွန်လအထိ ပုဂ္ဂလိကဘဏ်များတွင် အပ်နှံထားသည့် အပ်ငွေစုစုပေါင်း ပမာဏမှာ ၂၀၁၇ ခုနှစ် မတ်တွင် ကျပ် ၂၃၃၂၄ ဒသမ ၃၈၆ ဘီလျံ၊ ၂၀၁၇ ခုနှစ် ဇွန်တွင် ကျပ် ၂၄၈၁၇ ဒသမ ၅၆၉ ဘီလျံ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာတွင် ကျပ် ၂၆၅၆၀ ဒသမ ၈၂၆ ဘီလျံ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ကျပ် ၂၇၃၆၀ ဒသမ ၈၆၉ ဘီလျံ၊ ၂၀၁၈ ခုနှစ် မတ်တွင် ကျပ် ၂၈၅၉၈ ဒသမ ၈၃၄ ဘီလျံ၊ ၂၀၁၈ ခုနှစ် ဇွန်တွင် ကျပ် ၂၉၆၀၆ ဒသမ ၉၄၄ ဘီလျံတို့ဖြစ်သည်။

၂၀၁၇ ခုနှစ် မတ်မှ ၂၀၁၈ ခုနှစ် ဇွန်လအထိ နိုင်ငံပိုင်ဘဏ်များတွင် အပ်နှံထားသည့် အပ်ငွေစုစုပေါင်းပမာဏမှာ ၂၀၁၇

ခုနှစ် မတ်တွင် ကျပ် ၉၉၇၉ ဒသမ ၃၄၅ဘီလျံ၊ ၂၀၁၇ ခုနှစ် ဇွန်တွင် ကျပ် ၁၀၄၅၁ ဒသမ ၄၂၆ ဘီလျံ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၀၆၅၂ ဒသမ ၈၈၁ ဘီလျံ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ကျပ် ၁၀၆၉၁ ဒသမ ၈၁၄ ဘီလျံ၊ ၂၀၁၈ ခုနှစ် မတ်တွင် ကျပ် ၁၁၄၃၆ ဒသမ ၄၉၅ ဘီလျံ၊ ၂၀၁၈ ခုနှစ် ဇွန်တွင် ကျပ် ၁၀၀၄၀ ဒသမ ၈၀၇ ဘီလျံတို့ဖြစ်သည်။

၂၀၁၈ ခုနှစ် ဇွန်နှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ရှိသောအပ်ငွေစုစုပေါင်းကို နှိုင်းယှဉ်ပါက နိုင်ငံပိုင်ဘဏ်များတွင် အပ်ငွေ ကျပ် ၆၅၁ ဒသမ ၀၀၇ ဘီလျံလျော့ကျခဲ့ပြီး ပုဂ္ဂလိကဘဏ်များတွင် ကျပ် ၂၂၄၆ ဒသမ ၀၇၅ ဘီလျံမြင့်တက် လာခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံပိုင်ဘဏ်လေးဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ဘဏ်၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၄၄ ခုဖွင့်လှစ်ထားသည်။ ကျပ်ငွေဖြင့် ငွေစာရင်းလက်ခံမှုကို ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံပိုင်ဘဏ် နှစ်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့က ဆောင်ရွက်နေပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၁၈၀၀ ကျော်ဖွင့်လှစ်ပြီးဖြစ်သည်။

**Source:** https://news-eleven.com/article/110201

## တရုတ်သို့ ဆန်တင်ပို့ရန် သဘောတူညီမှုရရှိထားပြီး တရုတ် – မြန်မာပူးပေါင်း၍ တရားဝင်တင်ပို့မည်ဟု စီးပွား/ကူးသန်း ပြည်ထောင်စုဝန်ကြီးပြောကြား



ဆန်တင်ပို့ရန် သဘောတူညီမှုရရှိထားပြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် တရုတ် – မြန်မာပူးပေါင်းကာ တရားဝင်တင်ပို့သွားမည်ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မေ ၂၂ ရက်တွင် ပြောကြားသည်။

တရုတ်ဘက်က သူတို့ရဲ့မှောင်ခိုနှိမ်နင်းရေးတို့ နောက်ပြီး Money Laundering နှိမ်နင်းရေးတို့ စသဖြင့် နယ်ခြားဒေသတွေကို တင်းတင်းကျပ်ကျပ်လုပ်တဲ့အခါ တရုတ်ကို သွားတာ တော်တော်လေး လျော့နည်းသွားပါတယ်။ ကျွန်တော်တို့လည်း အစိုးရချင်းသော်လည်းကောင်း၊ ဝန်ကြီးဌာနနဲ့ ယူနန်အစိုးရသော်လည်းကောင်း၊ တရုတ်သံအမတ်နဲ့ သော်လည်းကောင်း လုပ်ငန်းအချင်းချင်းသော်လည်းကောင်း တော်တော်လေးဆွေးနွေးခဲ့တာရော နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် BRI ဆွေးနွေးပွဲ သွားတဲ့အခါမှာ ဆွေးနွေးခဲ့မှုကြောင့် အခုဆိုရင် ကျွန်တော်တို့က ဆန်တင်ပို့မှုနဲ့ပတ်သက်ပြီး သဘောတူညီလာတာ ရှိပါပြီ။ သို့သော် ကျွန်တော်တို့က တင်ပို့တဲ့နေရာမှာ ဆန်ရဲ့အရည်အသွေး၊ တရုတ်ကသတ်မှတ်တဲ့ စံချိန်စံညွှန်းအရည်အသွေးပြည့်ဖို့လိုပါတယ်။ နောက်တစ်ခါ ဆန်တင်ပို့တယ်၊ ပြောင်းတင်ပို့တယ်ဆိုတဲ့ လုပ်ငန်းရှင်များလည်း ဂိုဒေါင်တို့ စက်တို့ အရည်အသွေးရှိဖို့လည်း လိုပါတယ်ဟု ဒေါက်တာသန်းမြင့်ကပြောကြားသည်။

ထိုသို့ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေးအတွက် ကြိတ်ခွဲမှု၊ သိုလှောင်မှု၊ ဆန်အရည်အသွေးစသည့် အရည်အသွေးများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ ကုန်ပစ္စည်းစစ်ဆေးရေးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန စသည့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းမည်ဖြစ်သည်။

အရည်အသွေးနဲ့ ညှိနှိုင်းဆွေးနွေးနေတာ ဖြစ်တဲ့အတွက်ကြောင့် မကြာခင်မှာ တရုတ်နဲ့ ဆန်တင်ပို့မှုက ပြန်ပြီးတော့

သွက်လက်လာနိုင်တဲ့အတွက်ကြောင့် တချို့ဒေသတွေမှာ စပါးဈေးကျနေတာကို အချိန်တစ်ခုအတွင်းမှာ ပြန်ပြီးတော့ တရုတ်ဘက်က ဆန်တင်ပို့မှုကို မြန်မြန်လက်ခံမယ်ဆို အလားအလာကောင်းရှိပါတယ်ဟု ဒေါက်တာသန်းမြင့်က ပြောကြားသည်။

လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့ထားသော်လည်း ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာသန်း ၃၁၀ ကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းနေခြင်းနှင့် တောင်သူများအခက်အခဲ ဖြစ်နေခြင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆောင်ရွက်သင့်သောကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သိုလှောင်ရုံအခက်အခဲ၊ အဆင့်အတန်းရှိသည့် စပါးများ အခြောက်ခံရန်အခက်အခဲ၊ သယ်ယူပို့ဆောင်ရေး ယာဉ်အခက်အခဲများရှိနေသဖြင့် လုပ်ငန်းတွင်ကျယ်မှု အားနည်း ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

ထို့ပြင် မြန်မာ့ဆန်စပါးကဏ္ဍသည် နယ်စပ်မှအရောင်းအဝယ် အလွန်နည်းခြင်းနှင့် ပြည်ပတင်ပို့မှု ကျဆင်းနေကြောင်း၊ ယခု အခြေအနေသည် ပုဂ္ဂလိကသက်သက်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းမရှိဖြစ်နေသည်။ စပါးဈေးကျဆင်းမှုကြောင့် တောင်သူများကြုံတွေ့နေသည့် အခက်အခဲများကိုပုဂ္ဂလိကကဏ္ဍတစ်ခုတည်းမှ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် လိုအပ်သည့် မူဝါဒပိုင်း၊ ငွေကြေးအကူအညီ၊ ဈေးကွက်တိုးမြှင့်ရှာဖွေခြင်းစသည်တို့တွင် အစိုးရပိုင်းက ပူးပေါင်းကူညီဆောင်ရွက်ပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က မေ ၁၈ ရက်တွင် ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/110235

## မတ်ပဲ FAQ တစ်တန် ကျပ် ၈၈၀၀၀၀၊ မတ်ပဲ SQ တစ်တန် ကျပ် ၁၀၄၅၀၀၀ အထိ မြင့်တက်ခဲ့ပြီး တစ်လခွဲကျော်အတွင်း တစ်တန်လျှင် ကျပ် ၁၈၀၀၀၀ ဝန်းကျင် မြင့်တက်လာ

မေလ တတိယပတ်တွင် မတ်ပဲ FAQ တစ်တန် ကျပ် ၈၈၀၀၀၀၊ မတ်ပဲ SQ တစ်တန် ကျပ် ၁၀၄၅၀၀၀ အထိ မြင့်တက်ခဲ့ပြီး ဧပြီလဆန်းဈေးနှင့်နှိုင်းယှဉ်ပါက တစ်တန်လျှင် ကျပ် ၁၈၀၀၀၀ ဝန်းကျင် မြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော စာရင်းများအရ ဧပြီ ၁ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၄၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၅၀၀၀ ဈေးရှိခဲ့ပြီး မေ ၃ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၈၃၈၀၀၀၊ မတ်ပဲ SQ တစ်တန် ကျပ် ၉၈၃၀၀၀ ဈေးရှိခဲ့ကာ တစ်လခွဲကျော်အတွင်း တစ်တန်လျှင် ကျပ်တစ်သိန်းကျော် ဈေးတက်ခဲ့သည်။ ဧပြီ ၃ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၅၄၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၉၄၀၀၀ အထိ ဈေးတက်လာပြီး ဧပြီ ၁၈ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၉၁၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၉၂၁၀၀၀ ဈေးရှိခဲ့ကြောင်း သိရသည်။

ဧပြီ ၂၆ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၈၁၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၉၅၅၀၀၀ အထိ ဈေးရှိလာသဖြင့် ဧပြီလဆန်းပိုင်းကထက် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ရ၀၀၀၀နှင့် မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၀၀၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံက ၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပဲမျိုးစုံတန်ချိန် ငါးသိန်း တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံက မတ်ပဲတန်ချိန်တစ်သိန်းခွဲ တင်သွင်းခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် မတ် ၁ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၅၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၇၅၀၀၀၊ ဖေဖော်ဝါရီ

၁ ရက် က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၅၇၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၂၀၀၀၀ ဈေးရှိခဲ့သည်။ မတ် ၂၉ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၈၈၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၃၈၀၀၀ ဈေးရှိခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပဲဈေးများမှာ ဇန်နဝါရီ ၉ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၂၂၀၀၀၊ မတ်ပဲ SQ တစ်တန် လျှင် ကျပ် ၈၈၅၀၀၀ အထိ ဈေးရှိခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၁၈၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၄၈၀၀၀ အထိ ပဲဈေးကျဆင်းခဲ့သည်။ မတ် ၈ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၉၄၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၃၄၀၀၀ အထိ ဈေးအသီးသီး ဖြစ်ပေါ်ခဲ့သည်။

ဇန်နဝါရီလဆန်းပိုင်းအတွင်း အိန္ဒိယဘက်မှ ပဲဝယ်ယူမှုလျော့ကျခဲ့သဖြင့် ပြည်တွင်းပဲဈေးကွက်အတွင်း၌ ပဲဈေးအေးလာပြီး မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၉၉၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၆၉၀၀၀ အထိ ဈေးကျခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။ သို့သော် ဇန်နဝါရီ ၂၁ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၃၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၉၅၀၀၀ အထိ ဈေးပြန်တက်ခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၁၈၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၈၀၀၀၊ ဇန်နဝါရီ ၂၃ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၂၂၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၂၀၀၀ အထိ ဈေးရှိခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/110203

## မြဝတီနယ်စပ်စခန်းမှ တရားဝင်ကုန်သွယ်မှုလျော့ကျလာခြင်းမှာ တရားမဝင်ကုန်သွယ်မှုမြင့်တက်နေခြင်းကြောင့်ဖြစ်ကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှတာဝန်ရှိသူပြောကြား



မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရားဝင်ကုန်သွယ်မှု၊ အထူးသဖြင့် သွင်းကုန်ပစ္စည်းကုန်သွယ်မှုမှာ ယခင် ကာလတူထက် သိသိသာသာ လျော့ကျလာခြင်းမှာ တရားမဝင်ကုန်သွယ်မှု မြင့်တက်နေခြင်းကြောင့်ဖြစ်ပြီး တရားမဝင် ကုန်သွယ်မှု တားဆီးရေး ဆောင်ရွက်မှုများကို အစိုးရဌာနဆိုင်ရာများအပြင် ကုန်သည်လုပ်ငန်းရှင်များပါ ပူးပေါင်းပါဝင်ဖို့ လိုအပ်ကြောင်း မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်းမှ ညွှန်ကြားရေးမှူးက ပြောကြားသည်။ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၌ လစဉ်ပြုလုပ်သော ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြောကြားခြင်းဖြစ်သည်။

မြဝတီနယ်စပ်စခန်းမှ ယခုဘဏ္ဍာနှစ်သစ် အောက်တိုဘာ ၁ ရက်မှ မေ ၁၀ ရက်ထိ ဒေါ်လာ ၅၄၅ ဒသမ ၅၀၆ သန်း ကုန်သွယ်နိုင်ခဲ့သော်လည်း ယခင်နှစ် ကာလတူကထက် ဒေါ်လာ ၃၃ ဒသမ ၀၅၈ သန်း ကုန်သွယ်မှု လျော့ကျခဲ့ကြောင်း၊ အထူးသဖြင့် ထိုင်းကုန်ပစ္စည်းများ ပြည်တွင်း ဈေးကွက်သို့ တင်သွင်းမှုမှာ ယခင်နှစ် ကာလတူကထက် ဒေါ်လာ ၆၇ ဒသမ ၅၈၆ သန်း လျော့ကျခဲ့ကြောင်း ကုန်သွယ်မှု စာရင်းများအရ သိရသည်။ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း ညွှန်ကြားရေးမှူး ဦးသောင်းဟန်က တရားဝင်ကုန်သွယ်မှုလုပ်ငန်းမှာ လိုက်ပါဆောင်ရွက်နိုင်အောင်လို့ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုတွေ အမြဲဆောင်ရွက်ပါတယ်။ တရားမဝင်ကုန်သွယ်မှုတားဆီးရေးဆောင်ရွက်မှုကိုတော့ ကျွန်တော်တို့ အစိုးရ၊ ဌာနဆိုင်ရာများအပြင် ကုန်သွယ်လုပ်ငန်းရှင်တွေလည်း ပူးပေါင်းပါဝင်ပြီးတော့ တရားမဝင်သွားလာမှုကို ထိန်းချုပ်ပေး နိုင်မှသာ

တရားမဝင်ကုန်သွယ်မှုလျော့ကျလာပြီး တရားဝင်ကုန်သွယ်မှုပမာဏ အမှန်တကယ်တိုးတက်လာမှာဖြစ်ပါတယ်ဟု ပြောကြားသည်။ မြဝတီနယ်စပ်မှ တရားဝင်ကုန်သွယ်မှုကို ချစ်ကြည်ရေးတံတားတစ်ခုသာ သတ်မှတ်ထားသော်လည်း သောင်ရင်း ဖြတ်ကျော်ဂိတ် အားလုံးကဝင်လာသော ကုန်ပစ္စည်းများကို ထိန်းချုပ်ပေးမည့်သူမရှိသည့်အတွက် ပြည်တွင်းသို့ လွယ်လွယ်ကူကူစီးဆင်းသွားပြီး တရားမဝင်ကုန်သွယ်မှုကို မထိန်းချုပ်နိုင်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**Source:** https://news-eleven.com/article/110244

## လက်ရှိဘဏ္ဍာနှစ်မေလဆန်းအထိ မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၄ သန်းကျော်ရှိ



လက်ရှိဘဏ္ဍာနှစ် မေလဆန်းအထိ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၄ သန်းကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀ သန်းကျော် ပိုမိုဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှသိရသည်။ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၃ ရက်အထိ လယ်ယာကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၁၄ ဒသမ ၀၄၀ သန်းဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် မေ ၃ ရက်အထိ လယ်ယာကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၃ ဒသမ ၂၈၈ သန်း ဝင်ရောက်ခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက လက်ရှိဘဏ္ဍာနှစ် မေလဆန်းအထိ လယ်ယာကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀ ဒသမ ၇၅၂ သန်း ပိုမိုဝင်ရောက်ထားသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာစိုက်ပျိုးရေးကို စိတ်ပါဝင်စားသည့် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကပြောကြားသည်။

ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်နိုင်သော အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ စိုက်ပျိုးရေးထွက်ကုန် အခြေခံစက်ရုံများ ဖွံ့ဖြိုးလာရေး၊ လယ်ယာသုံးစက်ကိရိယာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် မျိုးစေ့ကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ၏ အကျိုးစီးပွားသာမက နိုင်ငံတော်အတွက် လယ်ယာထွက်ကုန် ဈေးကွက်ဖော်ဆောင်နိုင်ရေးကဏ္ဍကိုပါ ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆက်လက်ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်ရန်တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများရှိပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လုပ်ကိုင်ခွင့်အမြန်ဆုံးချထားပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု ဦးစားပေးမြှင့်တင်သွားမည့်ကဏ္ဍများတွင် စိုက်ပျိုးရေးကဏ္ဍပါဝင်ကြောင်းသိရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဝင်ရောက်လုပ်ကိုင်မှု လျော့နည်းနေခြင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမှာ လာပြီးတော့လုပ်တယ်ဆိုရင် လက်ရှိဘဏ်တိုးနှုန်းနဲ့ကိုက်လား၊ မကိုက်လားဆိုတာရှိတယ်။ နောက်ပြီး Pau Back Period ဆိုတာရှိတယ်။ စောစော အရင်းကျေမလားဆိုတာရှိတယ်။ စိုက်ပျိုးရေးကဏ္ဍတွေမှာ Pay Back Period က သိပ်ရှည်တယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံ သူတွေက သေချာစဉ်းစားပြီးမှ ရင်းနှီးမြှုပ်နှံတာဖြစ်တဲ့အတွက်နည်းနေတာပါဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု

ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကသုံးသပ်ပြောကြားသည်။
**Source:** https://news-eleven.com/article/110208

## အထက်မြန်မာပြည်စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဥရောပကုန်သည်အသင်း လာရောက်ဆွေးနွေး

အထက်မြန်မာပြည်ရှိမြို့များတွင် စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန် ဥရောပကုန်သည်ကြီးများ အသင်းက မန္တလေးတိုင်းကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်းကာ မေလ ၂၁ ရက်က ဆွေးနွေးပွဲကျင်းပခဲ့သည်။ မန္တလေးတိုင်းကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးတွင်ကျင်းပသည့် ယင်းဆွေးနွေးပွဲ၌ ဥရောပကုန်သည်ကြီးများအသင်းမှ လုပ်ငန်းရှင် ၁၃ ဦးက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာ၌ ပေါ်လစီနှင့်မူဝါဒများ ပိုမိုလွယ်ကူလာစေရေးဆွေးနွေးခဲ့သည်။

အီးယူဟာ ကမ္ဘာမှာဒုတိယမြောက်အကြီးဆုံး စီးပွားရေးဈေးကွက်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ဆိုရင် စတုတ္ထမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။ ဒ့ါအပြင် မန္တလေးဟာတည်ငြိမ်အေးချမ်းပြီး လွတ်လပ်ပွင့်လင်းစွာနဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖိတ်ခေါ်နေတယ်။ တိုးတက်မှုတွေလည်း အများကြီးရှိနေတာကို တွေ့ရပါတယ်ဟု အထက်ပါဆွေးနွေးပွဲတွင် ဥရောပသမဂ္ဂ(အီးယူ)မှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး Kristian Schmidt ကပြောသည်။ ယခုအခါ မန္တလေးတိုင်းအတွင်း ဥရောပကုမ္ပဏီ ၃၀ ခန့် လာရောက်ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများဆောင်ရွက်နေသည်။ ဥရောပနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများသည် မန္တလေးတိုင်း၌ ဒေသတွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ စီးပွားရေးဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေလာဖို့ဆိုတာ နိုင်ငံရေးတည်ငြိမ်မှုကအရေးကြီးဆုံးပါ။ မန္တလေးမြို့ကိုပြောရရင် နိုင်ငံရေးအရ တည်ငြိမ်မှုရှိတယ်လို့ပြောလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ပေါ်လစီတွေဟာ ရေရာသေချာဖို့လိုပါတယ်။ တတ်နိုင်သမျှ မျှော်မှန်းလို့မရတဲ့ ဆုံးရှုံးနိုင်မှုတွေနဲ့ စွန့်စားရမယ့်ဟာတွေကို ဖြေလျှော့ပေးရမယ်။ အဲဒါမှလာပြီး ရင်းနှီးမြှုပ်နှံချင်ကြမှာဖြစ်ပါတယ်ဟု မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဆိုပါဆွေးနွေးပွဲတွင်ပြောသည်။
**Source: http://www.7daydaily.com/story/156740**

## တရုတ် Huawei တယ်လီဖုန်း ရောင်းချမှု ဗြိတိန်နဲ့ဂျပန် ကုမ္ပဏီ ၄ ခု ဆိုင်းငံ့

တယ်လီဖုံးဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်တဲ့ တရုတ်ရဲ့ Huawei Technologies အပေါ် အမေရိကန်က ကန့်သတ်မှုတွေ ချမှတ်ခဲ့ပြီးနောက် ဗြိတိသျှနဲ့ ဂျပန်မိုဘိုင်းလ်တယ်လီဖုံးကုမ္ပဏီလေးခုတို့ကလည်း Huawei ကုမ္ပဏီကြီးက ထုတ်လုပ်တဲ့ ပစ္စည်းသစ်တွေကို ရောင်းချဖို့အစီအစဉ်တွေဆိုင်းငံ့လိုက်ပါတယ်။

လုံခြုံရေး စိုးရိမ်မကင်းဖြစ်မှုတွေကို ထောက်ပြပြီး အမေရိကန်က ပြီးခဲ့တဲ့သီတင်းပတ်က Huawei နဲ့ သူနဲ့ဆက်သွယ်နေတဲ့ ကုမ္ပဏီတွေကို သူတို့ရဲ့ နည်းပညာပစ္စည်း အစိတ်အပိုင်းတွေ ရောင်းချမှုမပြုဖို့ တားမြစ်ခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်က ရောင်းချတဲ့ ဒီနည်းပညာပစ္စည်းတွေကြောင့် Huawei ကုမ္ပဏီကြီးဟာ ကမ္ဘာပေါ်မှာ စမတ်ဖုံး ထုတ်လုပ်တဲ့ ဒုတိယအကြီးဆုံး ကုမ္ပဏီဖြစ်ဖို့ အထောက်အကူရခဲ့တာဖြစ်ပါတယ်။ အမေရိကန်ကုမ္ပဏီကြီးတွေ အနေနဲ့ ဒီနည်းပညာအပိုပစ္စည်းတွေဝယ်ယူမယ့် တခြားသူတွေကိုရှာနိုင်အောင် ရက် (၉၀) သမ္မတ ထရမ့်အစိုးရက အချိန်ပေးထားပါတယ်။

ဗြိတိန်ရဲ့ EE နှင့် VODAPHONE အပြင် ဂျပန်ရဲ့ KDDI နဲ့ Y Mobile ကုမ္ပဏီတို့က ကြိုတင်မှာယူထားတဲ့ 5 G နည်းပညာသစ်နဲ့ ထုတ်လုပ်မယ့် တယ်လီဖုံးသစ်တွေ အပါအဝင် Huawei စမတ်ဖုံးတွေ ရောင်းချမှုကို ဆိုင်းငံ့မယ်လို့ ဗုဒ္ဓဟူးနေ့က ကြေညာခဲ့ပါတယ်။ ဗြိတိန်နဲ့ ဂျပန် ကုမ္ပဏီတို့က Huawei ရဲ့ 5 G တယ်လီဖုံးတွေနဲ့ ပတ်သက်လို့ လုံခြုံရေး စိုးရိမ်မကင်း ဖြစ်မှုတွေကို ထောက်ပြပြီး အမေရိကန်က Huawei အပေါ် အရေးယူမှုကြောင့် ထွက်ပေါ်လာမယ့်ရလဒ်ကို စောင့်ကြည့်အကဲခတ်ဖို့ လိုအပ်တဲ့အတွက် အခုလို ဆုံးဖြတ်ရခြင်း ဖြစ်တယ်လို့ ပြောပါတယ်။
**Source:** https://www.facebook.com/kope.aung

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ဖြင့် ဖရဲ၊ သခွားမွေးဧက ၁၀၀၀ စိုက်ပျိုး




စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ဖြင့် ဖရဲ၊ သခွားမွေးဧက ၁၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဖရဲ၊ သခွားမွေးအသင်းမှ သိရသည်။ အဆိုပါစီမံကိန်းကို ချောင်းဦး၊ မြောင်၊ ရေစကြိုနှင့် ထီးချိုင့်မြို့နယ်တို့တွင် အကောင်အထည်ဖော်ပြီး ဖရဲဧက ၅၀၀ နှင့် သခွားမွေး ဧက ၅၀၀ စီ စိုက်ပျိုးမည်ဖြစ်ပြီး လိုအပ်ချက်များ သိနိုင်ရန် တောင်သူများကိုလည်း ခေါင်းဆောင်မှုသင်တန်းများ ပေးသွားမည်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖရဲ၊ သခွားမွေးအသင်း ဥက္ကဋ္ဌ ဦးစိုးလွင်က ဂျီအေပီနည်းနဲ့ ဖရဲ၊ သခွားမွေးဖုန်အတွက်အခွင့်အလမ်း ဆောင်ရွက်ပေးနိုင်ဖို့ ကြိုးပမ်းနေတယ်။ စိုက်မယ်ဆိုရင်လည်း တစ်ကွင်း တစ်စပ်တည်း စုပေါင်းစိုက်ပျိုးထုတ်နိုင်ဖို့ မြေနေရာ၊ သွင်းအားစုရရှိသုံးစွဲတာနဲ့ စစ်မှန်တဲ့မျိုးစေ့ရရှိသုံးစွဲနိုင်အောင်နဲ့ အခွင့်အလမ်းဈေးကွက် တန်ဖိုးမြှင့်အဆင့်ဖြစ်အောင် ဖော်ဆောင်ပေးဖို့ အစီအစဉ်တွေ ချမှတ်ထားတယ်ဟုပြောသည်။ ဂျီအေပီနည်းဖြင့် ဖရဲ၊ သခွားမွေးစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးတွင်သာမက တစ်နိုင်ငံလုံး အတိုင်းအတာဖော်ဆောင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဟု ၎င်းက ဆိုသည်။

ဖရဲ၊ သခွားမွေးကို တရုတ်ဈေးကွက်သာမက နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်ရန်အတွက် တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းစနစ်ဖြင့်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ ဂျီအေပီစိုက်ပျိုးရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များလည်း လျှောက်ထားရယူရန်လိုအပ်သည်။ ဖရဲ၊ သခွားမွေးများကို တရုတ်နိုင်ငံဈေးကွက်သို့ အဓိက တင်ပို့ နေသည့်အပြင် အခြားပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူစသည့် နိုင်ငံများသို့လည်း အနည်းငယ်တင်ပို့လျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ဖရဲ၊ သခွားမွေးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးသည်။ ဖရဲ၊ သခွားမွေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီပြီး ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် သင့်တော်သော မျိုးကောင်း၊ မျိုးသန့်များ အသုံးပြုရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမည့် သီးနှံမျိုးနှင့် စိုက်ပျိုးနည်းစနစ်များ၊ ပိုးသတ်ဆေးအသုံးပြုမှုများ အနည်းဆုံး ဖြစ်သင့်ကာ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေနိုင်သည့်နည်းစနစ်များနှင့် တွဲဖက်အသုံးပြုဆောင်ရွက်ရန် လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနကထုတ်ပြန်အသိပေးထားသည်။

**Source:** https://www.thefarmermedia.com/news/12984

## ပြည်တွင်းပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍတိုးတက်လာစေရေးအတွက် မြန်မာ့သြဇာလုပ်ငန်းစုနှင့် တောင်သူများပူးပေါင်း




ပြည်တွင်းပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ တိုးတက်လာစေရေးအတွက် မြန်မာ့သြဇာလုပ်ငန်းစုနှင့် တောင်သူများပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ယခု မိုးရာသီစိုက်ပျိုးချိန်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းစု အမှုဆောင်အရာရှိချုပ် ဦးသတိုးဟိန်းကပြောကြားသည်။ မျိုးစေ့ထုတ်လုပ်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ တောင်သူများ ပိုင်ဆိုင်သော မြေဧက ၅၀၀၀ တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ စတင်ချိန်တွင် တစ်နှစ်လျှင် မျိုးစေ့တန်ချိန် ၂၅၀၀ ခန့် ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားပြီး အကျိုးအမြတ်ရရှိရေးပိုင်းတွင်လည်း တောင်သူဘက်မှ ၄၉ ရာခိုင်နှုန်းနှင့် မြန်မာ့သြဇာလုပ်ငန်းစုမှ ၅၁ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်မည်ဟု ၎င်းကပြောသည်။ အဆိုပါစီမံကိန်းကို အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (Livelihoods and Food Security Fund , LIFT ) နှင့် မြန်မာ့သြဇာလုပ်ငန်းစုတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရ

သည်။

ကျွန်တော်တို့လုပ်ငန်းစုအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းသုံး ဆေး၀ါး၊ မြေဆီတွေကိုတောင်သူတွေဆီ ရောင်းချ ပေးနေတယ်ဆိုပေမယ့် မျိုးစေ့ပိုင်းမှာ ၀င်ရောက်လုပ်ကိုင်ဖို့ လိုအပ်ချက်တွေရှိနေတာကြောင့်မလုပ်ကိုင်နိုင်ခဲ့ပါဘူး။ အခုချိန်မှာတော့ LIFT အဖွဲ့ကနေ တောင်သူတွေကိုပံ့ပိုးပေးတဲ့အပြင် မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းပိုင်းတွေ အကောင် အထည်ဖော်ဖို့ပါ ကူညီပေးလာတာကြောင့် မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းတွေကိုပါ စတင်လုပ်ကိုင်တော့မှာပါ။ စိုက်ပျိုးရေးလုပ်ငန်းတွေကို ဒီနှစ်မိုးမှာစတင်ပါမယ်။ ပြန်လည်ရောင်းချရေးလုပ်ငန်းတွေကို ဆောင်းတွင်းမှာပြုလုပ်မယ်ဟု ဦးသတိုးဟိန်းကပြောသည်။ အစိုးရ၊ ကုမ္ပဏီနှင့် တောင်သူများ၏ ပူးပေါင်းမှုဖြင့် မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းကို ပထမမျိုးစေ့ကုမ္ပဏီအမည်ဖြင့် တည်ထောင်ဆောက်ရွက်မည်ဖြစ်ပြီး တောင်သူများကိုယ်တိုင်ပါ၀င်မှုဖြင့် လုပ်ငန်းများ လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် ရာသီဥတုကို အန်တုနိုင်မည့် အရည်အသွေးပြည့်မျိုးစေ့များကို ထုတ်လုပ်သွားမည်ဖြစ်ကာ တောင်သူ၀င်ငွေတိုးစေရန်ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမမျိုးစေ့ကုမ္ပဏီတွင် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများကို မြန်မာ့သြဘာလုပ်ငန်းစုနှင့် တောင်သူ ၂၅၀၀ကျော်တို့ အကျိုးတူရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းများအကောင်အထည်ဖော်မည်ဖြစ်ကာ တောင်သူဘက်မှကုန်ကျမည့်ငွေကြေးများကို LIFT အဖွဲ့ကပံ့ပိုးမည် ဖြစ်ပြီးမြန်မာ့သြဘာလုပ်ငန်းစုက ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဒေါ်လာသုံးသန်းကျော် ထည့်၀င်ထားကြောင်း သိရသည်။ ပြည်တွင်းရှိတောင်သူလယ်သမား အများစုမှာမိမိစိုက်ခင်းကထွက်ရှိသည့် သီးနှံများကို မျိုးအဖြစ်ပြန်လည်ရယူ လုပ်ကိုင်လျက်ရှိသည့်အပေါ် မျိုးစေ့အရည်အသွေးများလည်းကျဆင်းလာသည်ကို ကြုံတွေ့နေရသည့် အတွက်ကြောင့် အရည်အသွေးပြည့်၀သည့် သီးနှံမျိုးစေ့များရရှိနိုင်ရေးမှာ တောင်သူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်းသိရသည်။

မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းတွေ အကောင်အထည်ပေါ်လာရင် မြန်မာနိုင်ငံမှာရှိတဲ့ တောင်သူ ၁ ဒသမ ၃ သန်းရဲ့၀င်ငွေတိုးလာနိုင်တဲ့အပြင် လာမယ့်ငါးနှစ်တာကာလအတွင်းမှာလည်း အမေရိကန် ဒေါ်လာ သန်း ၅၀၀ ထိရရှိနိုင်မယ်လို့မျှော်မှန်းထားတယ်ဟု LIFT အဖွဲ့မှ ညွှန်ကြားရေးမှူး Katy Webley က ပြောသည်။ လက်ရှိတွင်လည်း မြန်မာနိုင်ငံ၏မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပနိုင်ငံမှပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိကာ အဆိုပါ လုပ်ငန်းများမှတစ်ဆင့် အရည်အသွေးပြည့်၀သောမျိုးများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းကပြောသည်။ အရည်အသွေး ပြည့်၀တဲ့မျိုးစေ့တွေကို စိုက်ပျိုးလာနိုင်ခြင်းအားဖြင့် အစားအသောက်ဘေးကင်းလုံခြုံရေးပိုင်းတွေလည်း တိုးတက်လာမယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အခြေအနေအပေါ်မှာလည်း ကာကွယ်လာနိုင်မှာဖြစ်လို့ တောင်သူ၀င်ငွေတိုးလာမယ်။ မျိုးစေ့ထုတ်လုပ်ရောင်းချဖို့ဆိုတာ အရေးပါတဲ့လုပ်ငန်းတစ်ခုဖြစ်တယ်။ ပြည်တွင်းကထုတ်လုပ်တဲ့ ပဲမျိုးစုံကို ပြည်ပနိုင်ငံများကိုတင်ပို့နိုင်ဖို့အတွက် ကျွန်တော်တို့ပိုင်းမှာလည်း အများအပြားစိုက်ပျိုးနိုင်ဖို့ လိုအပ်တာကြောင့် ဒီလိုပုဂ္ဂလိကလုပ်ငန်းတွေပေါ်ပေါက်လာခြင်းက တန်ဖိုးမြှင့်ထုတ်ကုန်တွေကိုပိုမိုထုတ်လုပ်လာနိုင်မယ်ဟု ၎င်းကပြောသည်။ အစိုးရအနေဖြင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မျိုးစေ့ထုတ်လုပ်ရေးစိုက်ခင်းများ အကောင်အထည်ဖော်ခဲ့သော်လည်း စီးပွားဖြစ်ရောင်းချထုတ်လုပ်နိုင်ခြင်းမရှိသည့်အပေါ် ပုဂ္ဂလိကလုပ်ငန်းများပေါ်ပေါက်လာသည့်အတွက်ကြောင့် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံထုတ်လုပ်နိုင်မည့်ကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

နည်းပညာအခက်အခဲ၊ ရင်းနှီးမြှုပ်နှံမှုများလိုအပ်မှု၊ အကျိုးအမြတ်မသေချာမှုနှင့် အခြားသော အခက်အခဲများကြောင့်ပြည်တွင်း၌မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဖြစ်ထွန်းမှုနည်းပါးခဲ့သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုးစေ့လိုအပ်ချက်မှာမြင့်မားလျက်ရှိသည်။

**Source:** www.thefarmermedia.com

## မြန်မာ့ပျားရည် ဂျပန်နိုင်ငံသို့ အဓိကထားတင်ပို့နေရ

မြန်မာနိုင်ငံ၏ ပြည်တွင်းပျားမွေးမြူရေးကဏ္ဍသည် ယခုအခါတွင် ဖွံ့ဖြိုးစအဆင့်သာရှိနေသော်လည်း ပြည်ပနိုင်ငံများသို့နှစ်စဉ်တန်ချိန် ၂၅၀၀ နှင့် ၃၀၀၀ အကြားတင်ပို့နိုင်ပြီး ဂျပန်နိုင်ငံသို့ အဓိကတင်ပို့နေရကြောင်း မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းမှသိရသည်။ မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးအောင်ခိုင်ထွေးက "မြန်မာ့ပျားရည်ကိုလက်ရှိမှာ အဓိကတင်ပို့တာကတော့ ဂျပန် နိုင်ငံဖြစ်ပါတယ်။ ကနေဒါ၊ တရုတ်နဲ့ အရှေ့ တောင်အာရှ နိုင်ငံတွေကိုလည်းပို့ပါတယ်။တစ်နှစ်ကို ပျားရည်တန်ချိန် ၂၅၀၀ နဲ့ ၃၀၀၀ အကြား တင်ပို့ပါတယ်။ တချို့သောနှစ်တွေမှာ တင်ပို့မှုနည်းသွားတာတော့ရှိတယ်။ အဓိက ကတော့ နိုင်ငံတကာရဲ့ ပျားရည်ဈေးကွက် အတက်အကျပေါ်မူတည်ပြီး ပြောင်းလဲတာ

တော့ရှိတာပေါ့။ မြန်မာ့ပျားရည်ကို နိုင်ငံတကာကသိအောင် နိုင်ငံတကာပြပွဲတွေအထိပြသဖို့က လောလောဆယ်မှာ နည်းနေသေးတယ်။ မြန်မာနိုင်ငံမှာ အရည်အသွေးပြည့်ဝတဲ့ ပျားရည်တွေ ရှိနေပါလားဆိုတာ သိရအောင် နိုင်ငံတကာပျားပြပွဲတွေနဲ့ ပျားရည်ဈေးကွက်အထိ ထိုးဖောက်နိုင်အောင် ပြည်တွင်းပျားထုတ်လုပ်သူတွေနဲ့ သွားရောက် ပြသနိုင်ဖို့အထိ အစီအစဉ်တွေရှိပါတယ်ဟုပြောဆိုသည်။ ပျားရည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ကနဦးသုတေသန စစ်ဆေးခြင်းပြု ရာတွင် ဂျာမနီနိုင်ငံ၏

စံသတ်မှတ်ချက်အတိုင်း သုတေသနစစ်ဆေးမှုများပြုလုပ်ပြီး ခွင့်ပြုချက်ရရှိမှသာ တင်ပို့ခွင့်ရရှိကြောင်းသိရသည်။ ၎င်းသည် လက်ရှိတင်ပို့နေသော အရှေ့တောင် အာရှ ပျားဈေးကွက်သို့သာ တင်ပို့ခွင့်ရရှိမည် ဖြစ်သည်။ ဥရောပ အီးယူ နိုင်ငံများသို့ တင်ပို့ခွင့်မရရှိသေးကြောင်း၊ ထိုသို့တင်ပို့နိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ NRP ကို ရေးဆွဲ နေကြောင်း၊ လာမည့်နှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ သို့မှသာ အီးယူနိုင်ငံများသို့ တင်ပို့ နိုင်မည်ဖြစ်ကြောင်းသိရသည်။



ပြည်တွင်းပျားမွေးမြူရေးသည် လက်ရှိတွင် ဖွံ့ဖြိုးစအဆင့်တွင်သာ ရှိနေပြီး မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရန်ကုန်၊ နေပြည်တော်၊ ရှမ်းတို့တွင် အဓိကမွေးမြူနေကြကြောင်း သိရသည်။ ပျားရည်အပြင် ပျားဖယောင်း၊ ပျားဝတ်မှုန်၊ ပျားရည်ကိုသာ အဓိကထားထုတ်နိုင်သေးကြောင်း သိရသည်။ ပျားရည်ကို စစ်မစစ်နှင့် စားသုံးသူအတွက် အဓိကအရည်အသွေး ပြည့်မပြည့်သိရှိရန် သုတေသနစစ်ဆေးချက်များမှသာ အတိအကျသိနိုင် ကြောင်း၊ မိရိုးဖလာနည်းများစွာရှိသော်လည်း သုတေသနစစ်ဆေး တိုင်းတာ ချက်သာလျှင် အဓိကကျကြောင်း၊ ထိုစစ်ဆေးချက်များ၊ တိုင်းတာချက်များ အပြည့်အဝရှိမှသာ နိုင်ငံတကာသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/123382.html

## သကြားကို အရည်ဖျော်ပြီး တရုတ်သို့ပို့မည်

သကြားကိုအရည်ဖျော်ပြီး တင်လဲရည်အဖြစ်ပြောင်းလဲကာ တရုတ်သို့တင်ပို့ရောင်းချနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ မေလ (၂၂) ရက်က ကုန်သည်/စက်မှုအသင်းချုပ်တွင် ပြုလုပ်ခဲ့သည့် (၂၇) ကြိမ်မြောက် ဒုတိယသမ္မတနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ တရုတ်က သကြားကို အတုံးအခဲကျ လက်မခံဘဲ အရည်ဖျော်ပြီးတော့ သကြားဓာတ်က ၅၅ ရာခိုင်နှုန်း၊ ရေက ၄၅ ရာခိုင်နှုန်းစသဖြင့် အချိုးအစားနဲ့ တင်လဲရည်အဖြစ်လက်ခံမယ်ဆိုတဲ့ အတွက်ကြောင့် အခုဆိုရင် တင်လဲရည်စပ်တဲ့ စက်တွေလည်းပေါ်လာပါပြီဟု ဒေါက်တာသန်းမြင့်ကပြောသည်။

ယခုလို တရုတ်ဘက်က တင်ပို့မှုလက်ခံခြင်းကြောင့် သကြားနှင့်ကြံလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးကို ပိုမို ဂရုစိုက်ပြီး တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ဒေါက်တာသန်းမြင့်က ဆက်လက်ပြောကြားသည်။ ထို့အပြင် သကြားကို တရုတ်နိုင်ငံက တင်ပို့မှုကိုခွင့်မပြုသဖြင့် လောက်ကိုင်နယ်စပ်မှတစ်ဆင့် ကြံပင်များကိုခုတ်လှဲပြီး တရုတ်ဘက်မှ ကြံအချောင်းလိုက်အဝယ်ရှိကြောင်းသိရသည်။ ထို့ကြောင့် တရုတ်အဝယ်ရှိသဖြင့် လောက်ကိုင်ဒေသတွင် ကြံစိုက်ခင်း ဧကပေါင်း (၁) သိန်းခွဲကျော်အထိ စိုက်ပျိုးထားကြောင်းသိရသည်။ တရုတ်နိုင်ငံ၏ နှစ်စဉ်သကြားလိုအပ်ချက်သည် တန်ချိန် (၁၆) သန်းနီးပါးအထိ ရှိနေပြီး ပြည်တွင်းထုတ်လုပ်မှုသည် တန်ချိန် (၁၀) သန်းဝန်းကျင်သာ ထုတ်လုပ်နိုင်သည့် အတွက် တန်ချိန် (၆)သန်းခန့် တင်သွင်းရန် လိုအပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## ရာသီဥတုနှင့် လုပ်သားရှားပါးမှုကြောင့် လက်ဖက်အထွက်နှုန်း ၃၀ ရာခိုင်နှုန်းကျဆင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၌ ယခုနှစ် လက်ဖက်ရာသီတွင် ရာသီဥတုနှင့် လုပ်သားရှားပါးမှုကြောင့် လက်ဖက်အထွက်နှုန်း ၃၀ ရာခိုင်နှုန်းကျဆင်းကြောင်း ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းအတွင်းရေးမှူး ဦးဇော်ညွန့်၏ ပြောကြားချက်အရသိရသည်။ နမ့်ဆန်မြို့နယ်သို့ အညာဒေသနှင့် တခြား မြို့နယ်တို့မှ လုပ်သားအများဆုံး လာရောက် လုပ်ကိုင်လေ့ရှိရာ ယခုနှစ်တွင် လုပ်သား လာရောက်မှု နည်းပါးသည့်အပြင် ပြီးခဲ့သည့် နှစ်များက လက်ဖက်ဈေးနှုန်း ကျဆင်းသဖြင့် လက်ဖက်စိုက်ပျိုးသူ တချို့မှာလည်း မလေးရှား၊ ထိုင်း

စသည့်နိုင်ငံတို့သို့ ရွှေ့ပြောင်းလုပ်ကိုင်မှုများ ရှိလာသောကြောင့် အထွက်နှုန်း လျော့နည်းလာခြင်းဖြစ်သည်။

စိုက်ပျိုးရေးအခြေအနေက ကောင်းပေမယ့် ဒီနှစ်လုပ်သားရှားပါးတာနဲ့ ရာသီဥတုမမှန်တာကြောင့် အထွက်နှုန်း နည်းသွားတယ်ဟု ဦးဇော်ညွန့်ကပြောသည်။ အဆိုပါမြို့နယ်၌ လက်ဖက်ခူးဆွတ်ရာတွင် ခုတ်ပင်နှင့်မခုတ်ရသည့် အပင်ဟူ၍ ခူးရက်ကွာခြားလေ့ရှိပြီး ခူးချိန် ရက် ၂၀ အထိကြာမြင့်ကာ ရက် ၂၀ ကျော်လျှင် အရွက်ကြမ်း သွားကြောင်းနှင့် ပျမ်းမျှအားဖြင့် မတ် ၁၀ ရက်မှ မေ ၁၅ ရက်အထိ လက်ဖက်ခူးလေ့ရှိကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်က လက်ဖက်စိမ်းဆွတ်ခူးခမှာ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ သာရှိသော်လည်း ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ အထိဈေးနှုန်း ရှိလာကြောင်းသိရသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၌ လက်ဖက်ကို အဓိကထားစိုက်ပျိုးပြီး ဧကငါးသောင်းကျော် စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံမှထွက်ရှိ သော လက်ဖက်သည် ဓာတ်မြေသြဇာသုံးစွဲမှုမရှိသဖြင့် ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်မှုရှိသည့်အပြင် လုပ်သား များအား အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်ကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1987-pickled-leaves.html

## STOCK EXCHANGE (23.5.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,000 | 11,500 | 11,000 | 825 | 9,228,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 1,670 | 5,328,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,700 | +200 | +2.67% | 7,500 | 7,700 | 7,500 | 158 | 1,198,800 | 10,400,986 | 80,088 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 51 | 1,147,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,950 | -50 | -1.67% | 3,000 | 3,000 | 2,950 | 5,801 | 17,113,000 | 12,212,906 | 36,028 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.49 | -7.43 | -1.68% | 432.99 | 444.66 | 432.99 | 8,505 | 34,015,800 | 5 | 594,550 |


**Index chart**



# Market Overview

As of 1:00 pm, 23rd May. 2019

| MYANPIX | 435.49 ▼ 7.43 |
|---|---|
| Total Volume (shares) | 8,505 |
| Total Value (MMK) | 34 mil |
| Listed Company | 5 |
| Market Cap. (MMK) | 594,550 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 200 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,950 | ▼ 50 |

TIR